အရှင်အာနန္ဒာအလောင်း၏

ကာမသေုမိစ်ဆာစာရ ကံ”

ကာမရောဂါကို ပညာ၊သတိဖြင့်

ကုသမှသာ ပျောက်ကင်းနိုင်သည်။

မိမိစိတ်ကိုမိမိမထိန်းသိမ်းနိုင်ပါကမိမိစိတ်ကိုမိမိမထိန်းသိမ်းနိုင်ပါက အကုသိုလ်ဒုစရိုက်များ

လွန်ကျူးရန် လွယ်ကူလှပေ၏။

မြတ်စွာဘုရား၏ သာသနာတော်၌ ဧတဒဂ်-၅-မျိုးရရှိထားသော

အရှင်အာနန္ဒာသည်ပင် တစ်ခုသောဘဝက

ကာမေသုမိစ္ဆာစာရကံကို ကျူးလွန်မိ၍

မိန်းမဘဝသို့ရောက်ရှိခဲ့ဖူးသည်။

အရှင်အာနန္ဒာလောင်းသည်

ရွှေပန်းထိမ်သည်သားဖြစ်စဉ်က

အပျို၊အအို၊သူတစ်ပါးသားမယားပင်မရှောင်၊ ရွှေငွေဥစ္စာများပေးကမ်း၍ မိမိအလိုရှိသလို

ပစ်မှား စော်ကားလေ၏။

ထိုဘဝမှသေသောအခါ

ကောသမ္ဗီပြည်၌ သူဌေးသားဖြစ်လေ၏။

ကံတရားသည်ဆန်းကြယ်လှသည်။

အကုသိုလ်တွေလုပ်ထားသောသူသည်

ဘာကြောင့် ငရဲမကျဘဲ သူဌေးသားပြန်ဖြစ်သလဲဟု မေးစရာရှိသည်။

ကုသိုလ်၊အကုသိုလ်ပြုလုပ်သောအခါ ဇော-၇-ကြိမ်သည် ထိုပြုလုပ်သောပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်ပေါ်လာ၏။ပထမဇော အားသန်သောအခါ ယခု ပထမဘဝ၌ပင် အကျိုးပေး၏။

ဆံပင်ဖြတ်လှူသောအမျိုးသမီး ချက်ချင်းဆံပင်ပြန်ရှည်လာပုံ၊သိဝိမင်းကြီး မျက်စိဖောက်လှူသော်လည်း အလင်းပြန်ရပုံ၊မဟာဒုတ် အိမ်၌ ရွှေမိုးငွေမိုးရွာပုံ စတဲ့ ဝတ္ထုများသည် ပထမဇောကြောင့် ပထမဘဝ၌ပင် အကျိုးပေးပုံများဖြစ်သည်။

သတ္တမဇော သည် ဒုတိယဘဝမှာအကျိုးပေး၏။အရှင်အာနန္ဒာလောင်း၏

ပန်းထိမ်သည်ဘဝကပြုလုပ်ခဲ့သော

ကာမေသုမိစ္ဆာစာရကံသည် ပထမဘဝတွင်အကျိုးမပေး၊သတ္တမဇောအားနည်းမှုကြောင့် ဒုတိယဘဝမှာလည်းအကျိုးမပေးပေ။အဟောသိကံဖြစ်သွား၏။

သို့သော် အလယ်ဇော-၅-ချက်ကား

တတိယဘဝမှစ၍အကျိုးပေးသည်။

ထိုကံသည် မပျက်ကောင်းပေ။

အရှင်အာနန္ဒာလောင်း

ကောသမ္ဗီသူဌေးသားဘဝရောက်သောအခါ သူတော်ကောင်းနှင့်ပေါင်းသင်းမိ၍

ဒါနဟူသောစွန့်ကြဲပေးကမ်းမှုလည်းလုပ်၏၊

ဥပုသ်သီလလည်းစောင့်ထိန်း၏။

တစ်ဘဝလုံး ကုသိုလ်တရားများနှင့်သာနေထိုင်၏။သို့သော် သေသည့်အခါ

ပန်းထိမ်သည်သူဌေးသားဘဝက ပြုခဲ့သော

ကာမေသုမိစ္ဆာစာရကံ ကအရင် အကျိုးပေးခွင့်ရလေ၏။

ဒါလည်း အလွန်သတိထားစရာအချက်ပါပဲ။

ဘယ်လောက်ပဲ ကောင်းတာတွေလုပ်လုပ်

အာမခံချက်ရှိသော သောတာပတ္တိမဂ်မှ

မရသေးလျှင် အပါယ်ဘေးမှစိတ်မချရသေးပေ။ဒါ့ကြောင့်ဒါန၊သီလနဲ့ရောင့်ရဲမနေဘဲ ဝိပဿနာတရားလည်း အချိန်ယူ၍ ကြိုးစားအားထုတ်သင့်ပေသည်။

ကောသမ္ဗီသူဌေးသားဘဝမှသေသောအခါ

ရောရုဝငရဲသို့ ကျရောက်လေ၏။ရောရုဝငရဲ၏သက်တမ်းမှာ လူ့အသက်နှင့်တွက်လျှင်

နှစ်ပေါင်း၅၇ကုဋေ၆သန်းရှိ၏။

ထိုငရဲမှလွတ်သောအခါ

ဆိတ်သိုးဘဝရောက်၍

သင်းကွပ်ခံရလေ၏။

ထိုဆိတ်ဘဝမှသေသောအခါ

တောအုပ်တစ်ခု၌ မျောက်အထီး

တစ်ကောင်ဖြစ်ရပြန်လေ၏။

အထီးဖြစ်သော်လည်း ကာမေသုမိစ္ဆာစာရကံ၏ အကျိုးကြောင့် အထီးအင်္ဂါကိုဖခင်မျောက်

ကြီးက ကိုက်ဖောက်ပစ်လိုက်ခြင်းကိုခံရပြန်၏။

ထိုမျောက်ဘဝမှသေသောအခါ

နွားသိုးကြီးဖြစ်ရပြန်၏။

ကာမေသုမိစ္ဆာစာရကံကြောင့် သင်းကွပ်ခံရပြန်၏။

ထိုနွားဘဝမှသေသောအခါ

ဝဇ္ဇီတိုင်း၌ နပုံး ဖြစ်ရပြန်၏။

ကာမေသုမိစ္ဆာစာရကံသည်

ဤလူ့ဘဝရောက်သည့်တိုင်အောင်ပင် အကျိုးပေးနေသေး၏။

ထိုဘဝမှသေလွန်သောအခါ

ကောသမ္ဗီသူဌေးသားဘဝကပြုခဲ့သော

ကုသိုလ်ကံများကအကျိုးပေး၍ နတ်ပြည်သို့ရောက်ရှိလေ၏။

သို့သော် ကာမေသုမိစ္ဆာစာရကံ မကုန်သေး၍

သိကြားမင်း၏မိဖုရားသာဖြစ်ရလေသည်။နတ်သားမဖြစ်ရပေ။ထိုနတ်သမီးဘဝဖြင့် လေးဘဝတိတိစံစားရ၏။

ထိုသိကြားမင်း၏မိဖုရား

လေးဘဝတိတိဖြစ်ပြီးသောအခါ

ဇဝနနတ်သား၏မိဖုရားဖြစ်ပြန်၏။

ကုသိုလ်နှင့်အကုသိုလ်အပျိုးပေးသည်

ရောထွေးနေ၏။

ဥပမာ-ကုသိုလ်ကံအကျိုးပေးကြောင့်

လူ့ဘဝ၌သူဌေးသားဖြစ်သော်လည်း အကုသိုလ်ကံက နောက်ကလိုက်၍အကျိုးပေးသောအခါ မွေးရာပါ တစ်ခုခု စွန့်အ

နေပြန်၏။ကိုယ်လက်အင်္ဂါမပြည့်မစုံဖြစ်ရပြန်၏။အနာရောဂါများနေပြန်၏။စားချင်တိုင်းမစားရ၊သွားချင်တိုင်းမသွားရ၍ လူဖြစ်သော်လည်း လူကဲ့သို့ တန်းတူအခွင့်အရေးမရရှိပေ။ထိုမှတဖန်

အကုသိုလ်ကံအကျိုးပေးကြောင့် ခွေးဖြစ်သော်လည်း ကုသိုလ်ကံ၏ထောက်ပံ့မှုကြောင့်

သူဌေးအိမ်၌ အဲ(ယား)ကွန်း၊အစားကောင်း၊အသောက်ကောင်းဖြင့်နေထိုင်ရသော ခွေး

ဖြစ်ရလေ၏။ခွေးချင်းတူတာတောင် လမ်းဘေးကခွေးနဲ့သူဌေးအိမ်ကခွေးနဲ့ ကံချင်းမတူပေ။

ထိုကဲ့သို့ အရှင်အာနန္ဒာလောင်း သည်လည်း ကုသိုလ်ကံအကျိုးပေးကြောင့် နတ်ပြည်၌ဖြစ်ရသော်လည်း အကုသိုလ်ကံအကျိုးကြောင့်

မိန်းမဘဝသာဖြစ်ရ၏။

နတ်သမီးဘဝမှသေသောအခါ ဝိဒေဟတိုင်းမိတ္ထီလာမြို့၌ အင်္ဂတိမင်းကြီး၏သမီးတော်

ရုစာမင်းသမီး သွားဖြစ်ပြန်၏။

ထိုရုစာမင်းသမီးဘဝမှသေသောအခါ တာဝတိံသာနတ်ပြည်၌ နတ်သမီးပြန်ဖြစ်ပြန်၏။

ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ခဲ့တာ တစ်ဘဝ

တည်းဖြစ်သော်လည်း ပေးဆပ်ရသော ဘဝများ

မနည်းလှပေ။

မြတ်စွာဘုရားက မကျူးလွန်အပ်သောမိန်းမ

(၂၀)အားဟော်ကြားထားခဲ့ပြီးဖြစ်သည်။

မသွားလာထိုက်သော မိန်းမ (၂၀)

၁။ အမိစောင့်ရှောက်အပ်သော မိန်းမ၊

၂။ အဖ စောင့်ရှောက်အပ်သော မိန်းမ၊

၃။ မိဘစောင့်ရှောက်အပ်သော မိန်းမ၊

၄။ မောင်စောင့်ရှောက် အပ်သော မိန်းမ၊

၅။ ညီမ, အစ်မ စောင့်ရှောက်အပ်သော မိန်းမ၊

၆။ ဆွေမျိုး စောင့်ရှောက် အပ်သော မိန်းမ၊

၇။ အနွယ်တူသူ စောင့်ရှောက်အပ်သော မိန်းမ၊

၈။သီတင်းသုံးဖော်တို့ စောင့်ရှောက်အပ်သောမိန်းမ

၉။ အစောင့်အရှောက်ထားသော မိန်းမ၊

၁၀။ မင်းတို့သည် ဒဏ်ထားအပ်သော မိန်းမ၊

၁၁။ ဥစ္စာဖြင့် ဝယ်အပ်သော မိန်းမ၊

၁၂။ အလိုတူ၍ နေသော မိန်းမ၊

၁၃။ စည်းစိမ်အလို့ငှာ နေသော မိန်းမ၊

၁၄။ အဝတ်ပုဆိုးအလို့ငှာ နေသော မိန်းမ၊

၁၅။ ရေခွက်၌ လက်ကို ချ၍ မိဘတို့က
ထိမ်းမြားသော မိန်းမ၊

၁၆။ ခေါင်းခုကို ပယ်ချစေ၍ ယူအပ်သော မိန်းမ၊

၁၇။ ကျွန်မလည်းဖြစ်, မယားလည်းဖြစ်သောမိန်းမ

၁၈။အမှုလုပ်လည်းဖြစ်,

မယားလည်းဖြစ်သောမိန်းမ

၁၉။ စစ်မြေပြင်အရပ်မှ ဆောင်ယူအပ်သောမိန်းမ၊

၂၀။ တစ်ခဏမျှ နေစေအပ်သော ပြည့်တန်ဆာ

မိန်းမ။(ဒီ /၄ /၃ /၂၃၁)

ကာမေသုမိစ္ဆာစာရကံမြောက်ရန် အင်္ဂါ(၄)ချက်လို၏။

-အထက်ပါသတ်မှတ်ထားသောမိန်းမ(၂၀)ဖြစ်ခြင်း

-ထိုမိန်းမ၌မှီဝဲလိုစိတ်ရှိခြင်း

-လုံ့လပြုခြင်း

-သာယာခြင်း ဟူသောအင်္ဂါ(၄)ချက်ပြည့်စုံပါက

ကာမသေုမိစ်ဆာစာရကံထိုက်၍။

အကျဉ်းရေးရသော် အပျိုမိန်းကလေးနှင့်လူပျိုယောက်ျားလေးတို့ မှောက်မှားပါက အမျိုးသားများသာကာမေသုမိစ္ဆာစာရကံမြောက်၏။အပျိုမိန်းကလေးများမှာ သူတို့ကာမကို သူတို့ပိုင်ဆိုင်သောကြောင့် ကာမေသုမိစ္ဆာစာရကံမမြောက်ပေ။

သို့သော်အပျိုဖြစ်သော်လည်း ကာမပိုင်မိန်းမရှိသော အမျိုးသားနှင့်ဖောက်ပြန်ပါက ကာမေသုမိစ္ဆာစာရကံ ထိုက်၏။ကာမေသုမိစ္ဆာစာရကံကြောင့်ငရဲဘဝ၊တိရစ္ဆာန်ဘဝရောက်ရ၍

ထိုအပါယ်လေးဘုံမှလွတ်၍လူ့ဘဝရပြန်ရသည့်အခါ

၁။ မလိုမုန်းထားတဲ့သူတွေ ပေါများတတ်ခြင်း

၂။ ရန်သူများတတ်ခြင်း

၃။ လာဘ်ပစ္စည်း ရှားပါးခြင်း

၄။ ချမ်းသာမှု ကင်းဆိတ်ခြင်း

၅။ မိန်းမ ဖြစ်ရတတ်ခြင်း

၆။ မိန်းမ မဟုတ် ယောကျ်ား မဟုတ်

ပဏ္ဍုတ်ဖြစ်ရတတ်ခြင်း

၇။ ယောကျ်ားဖြစ်ရင်လည်း

အမျိုးယုတ်မှာ ဖြစ်ရတတ်ခြင်း

၈။ အင်္ဂါလက္ခဏာ ချို့ယွင်းသေးသိမ်တတ်ခြင်း

၉။ စိုးရိမ်ကြောင့်ကြ အားကြီးရတတ်ခြင်း

၁၀။ ချစ်သူနှင့် ကွေ့ကွင်းကွဲကွာရတတ်ခြင်း

၁၁။ မျက်နှာပျက်ပြီး အရှက်ကွဲရတတ်ခြင်း

တို့လည်း ခံကြရပြန်သေး၏။

အမျိုးသားများအနေဖြင့် တစ်ခဏတာ ဆန္ဒတစ်ခုအတွက် ဘဝများစွာအနစ်မွန်းမခံသင့်ပေ။

မိမိ၏ အလိုလောဘအားနည်းနိုင်သမျှနည်းအောင် ပညာ၊သတိတရားဖြင့် အမြဲတမ်း

ချိုးနှိပ်သင့်ပေသည်။